## မှတ်ပုံတင်လက်မှတ်ရရှိထားသော အလုပ်အကိုင်ဆိုင်ရာ လေ့ကျင့်ရေးသင်တန်းကျောင်းများ လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းချက်များ

၁။ သင်တန်းသားများ၏ ကိုယ်ရေးအချက်အလက်များကို မှန်ကန်ပြည့်စုံစွာ ထိန်းသိမ်းထားရှိရမည်၊

၂။ သင်တန်းကျောင်းများအနေဖြင့် တစ်နှစ်လျှင် အနည်းဆုံး လူဦးရေ (၂၀၀) ဦးခန့် သင်ကြားရမည်၊

၃။ သင်တန်းသားနှင့် သင်တန်းဆိုင်ရာ သဘောတူညီချက်စာချုပ် ချုပ်ဆိုထားရမည်၊

၄။ သင်တန်းဖွင့်လှစ်သည့် အခြေအနေများအား လစဉ် လဆန်း (၅) ရက် နောက်ဆုံးထား၍ ဤဦးစီးဌာနသို့ ပေးပို့ရမည်၊

၅။ သင်တန်းဖွင့်လှစ်မှု အစီရင်ခံစာကို သင်တန်းဆင်းပြီး (၁၀) အတွင်း ဤဦးစီးဌာနသို့ ပေးပို့ရမည်၊

၆။ သင်တန်းကျောင်း အသိအမှတ်ပြုလက်မှတ် သက်တမ်းမကုန်ဆုံးမီ (၃) လ အလိုတွင် သက်တမ်းတိုး လျှောက်ထားရမည်၊

၇။ သက်တမ်းတိုး လျှောက်ထားရာတွင် သတ်မှတ်ပုံစံပါ အချက်အလက်များအား ပြည့်စုံစွာ ဖြည့်စွက်၍ သင်တန်းကျောင်း အသိအမှတ်ပြုလက်မှတ်(မိတ္တူ)နှင့်တကွ ပူးတွဲတင်ပြ လျှောက်ထား ရမည်၊

၈။ သင်တန်းကျောင်း အသိအမှတ်ပြုလက်မှတ် သက်တမ်းကုန်ဆုံးပြီး (၆) လကျော်သည်ထိ သက်တမ်း မတိုးလျှင် သင်တန်းကျောင်းမှတ်ပုံတင်ခြင်းမှ အလိုအလျောက် ပယ်ဖျက်ပြီး ဖြစ်မည်၊

၉။ သင်တန်းကျောင်းအဖြစ် ဆက်လက်လုပ်ကိုင်လိုခြင်းမရှိပါက အသိအမှတ်ပြု လက်မှတ်ကို ပြန်လည် အပ်နှံရမည်၊

၁၀။ သင်တန်းကျောင်းများအနေဖြင့် လိပ်စာပြောင်းရွှေ့ဖွင့်လှစ်ပါက ဤဦးစီးဌာနသို့ မပြောင်းရွှေ့မီ (၁၀) ရက်အတွင်း အကြောင်းကြားစာပေးပို့ရမည်၊

၁၁။ သင်တန်းကျောင်း၏ အုပ်ချုပ်မှုဒါရိုက်တာ ပြောင်းလဲမှုရှိပါက ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ကုမ္ပဏီမှတ်ပုံတင်လက်မှတ်၊ Form VI/ XXVI နှင့်အတူ ပြောင်းလဲပြီး (၇) ရက်အတွင်း တင်ပြရမည်၊

၁၂။ သင်တန်းကျောင်းအား အခြားသူထံ လွှဲပြောင်းလိုပါက လွှဲပြောင်းခြင်းမပြုမီ ဤဦးစီးဌာန သို့ အနည်းဆုံး ရက်ပေါင်း ၃၀ ကြိုတင် တင်ပြရမည်၊

၁၃။ သင်တန်းကျောင်းကို မမျှော်လင့်သော အကြောင်းကိစ္စကြောင့် ရပ်ဆိုင်းလိုပါက ကျန်ရှိသော သင်တန်းကုန်ကျစရိတ်များနှင့်အတူ သင်တန်းသားများအား လုပ်ငန်းအမျိုးအစား တူညီ သော အခြားသင်တန်းကျောင်း တစ်ခုခုသို့ လွှဲပြောင်းပေးရမည်၊

၁၄။ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များ အတိုင်း လိုက်နာဆောင်ရွက်ရမည်။